# ၂၀၂၄ ခုနှစ်၊ ကမ္ဘာ့ရေနေ့ အထိမ်းအမှတ် အလွတ်တန်းနှင့် ဝါသနာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲ ဖိတ်ခေါ်ခြင်း

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၂၄ ခုနှစ်၊ မတ်လ ၂၂ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ရေနေ့ အထိမ်းအမှတ်အဖြစ် အလွတ်တန်းနှင့် ဝါသနာရှင်အဆင့် ဆောင်းပါး ပြိုင်ပွဲကို "**ငြိမ်းချမ်းသာယာဝပြောရေး ရေကဏ္ဍကိုမြှင့်တင်ပေး**" ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ် ပါသည်။

၂။ ပြိုင်ပွဲဝင်ဆောင်းပါးကို ရေ၏အရေးပါမှု၊ ရေဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၏ အရေးပါမှု၊ ရေကဏ္ဍဖွံ့ဖြိုးရေး ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် အကြောင်းအရာများဖြင့် အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်ပါသည်-

(က) **အလွတ်တန်းအဆင့်ပြိုင်ပွဲ**

(၁) အသက် ၃၀ နှစ်နှင့် အထက် ပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

(၂) ပြိုင်ပွဲဝင်ဆောင်းပါးများကို A4 စာမျက်နှာ အနည်းဆုံး ၁၀ မျက်နှာမှ အများဆုံး ၁၅ မျက်နှာအထိ ဖြစ်ရမည်။

(၃) ကွန်ပျူတာစာလုံး (Pyidaungsu) စာလုံးအရွယ်အစား ၁၄ (Font Size 14)၊ စာကြောင်းအကွာအဝေး ၁ ဒသမ ၅ (Line Spacing 1.5) ၊ စာရွက်ဘောင်ဆိုဒ် ၁ လက်မပတ်လည် (Margins 1" ပတ်လည်) Microsoft Word ဖြင့် ကွန်ပျူတာ စာစီ၍ ရေးသားပေးပို့ရမည်။

(၄) အခြားမှကူးယူထားခြင်းမဟုတ်ဘဲ မိမိကိုယ်တိုင် ဖန်တီးရေးသားထားသော စာမူရင်းဖြစ်ရမည်။

(၅) အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော၊ ပုံနှိပ်ဖော်ပြထားသော စာမူများမဖြစ်စေရန်၊ ကိုယ်တိုင်ဖန်တီးရေးသားထားသော ကာယကံရှင် လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်နှင့် ကိုယ်ရေးအချက်အလက်အကျဉ်းတို့ကို ဆောင်းပါးနှင့်အတူ ပေးပို့ရမည်။

( ခ ) **ဝါသနာရှင်အဆင့်ပြိုင်ပွဲ**

(၁) အသက် ၁၄ နှစ်မှ ၂၉ နှစ်အတွင်း ပြိုင်ပွဲဝင်များဝင်ရောက် ယှဉ်ပြိုင်နိုင်သည်။

(၂) ပြိုင်ပွဲဝင်ဆောင်းပါးများကို A4 စာမျက်နှာ အနည်းဆုံး ၅ မျက်နှာမှ အများဆုံး ၁၀ မျက်နှာအထိဖြစ်ရမည်။

(၃) ကွန်ပျူတာစာလုံး (Pyidaungsu) စာလုံးအရွယ်အစား ၁၄ (Font Size 14)၊ စာကြောင်းအကွာအဝေး ၁ ဒသမ ၅ (Line Spacing 1.5)၊ စာရွက်ဘောင်ဆိုဒ်

၁ လက်မပတ်လည် (Margins 1” ပတ်လည်) Microsoft Word ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရမည်။

(၄) အခြားမှကူးယူထားခြင်း မဟုတ်ဘဲ မိမိကိုယ်တိုင် ဖန်တီးရေးသားထားသော စာမူရင်းဖြစ်ရမည်။

(၅) အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော၊ ပုံနှိပ်ဖော်ပြထားသော စာမူများ မဖြစ်စေရန်၊ ကိုယ်တိုင်ဖန်တီးရေးသားထားသော ကာယကံရှင် လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်နှင့် ကိုယ်ရေးအချက်အလက်အကျဉ်းတို့ကို ဆောင်းပါးနှင့်အတူ ပေးပို့ရမည်။

၃။ ပြိုင်ပွဲဝင်ဆောင်းပါးများကို ပညာရှင်များ ပါဝင်သောဆုမျှား စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ စိစစ်ရွေးချယ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲတစ်ခုစီအတွက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု စုစုပေါင်း ၃ ဆုကို ဆုငွေနှင့်ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။ ဆုရရှိသူများကို နေပြည်တော်၌ ကျင်းပပြုလုပ်မည့် ၂၀၂၄ ခုနှစ်၊ ကမ္ဘာ့ရေနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။

၄။ ပြိုင်ပွဲဝင်ဆောင်းပါးများကို (Hard/Soft Copy) တစ်စုံစီ၊ ပြိုင်ပွဲဝင်သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်၊ ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ ၂ ပုံ၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်တို့နှင့်အတူ လူကိုယ်တိုင် ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ ညွှန်ကြားရေးမှူးချုပ်၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၂၉)၊ နေပြည်တော် တယ်လီဖုန်းအမှတ် ၊ ၀၆၇ - ၃၄၀၅၄၈၄ ၊ ၀၆၇-၃၄၀၅၄၈၃ ၊ အီးမေးလ် sawsandawin@gmail.com နှင့် dwir.dgoffice@gmail.com တို့သို့ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်၊ ညနေ ၁၆:၀၀ နာရီ နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပါသည်။ (သတ်မှတ်ရက်ကျော်လွန်ပြီး စည်းကမ်းချက်များနှင့် မပြည့်စုံသော ဆောင်းပါးများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ဆုရဆောင်းပါးများကို တရားဝင် အသုံးပြုခွင့်ပေးရန်နှင့် ဆုရွေးချယ်မခံရသော ဆောင်းပါးများကို ပြန်လည်ပေးပို့မည်မဟုတ် ကြောင်းအသိပေးအပ်ပါသည်။)

၅။ သို့ဖြစ်ပါ၍ ၂၀၂၄ ခုနှစ်၊ မတ်လ (၂၂)ရက်တွင် ကျရောက်မည့် ကမ္ဘာ့ရေနေ့ အထိမ်းအမှတ် အလွတ်တန်းနှင့်ဝါသနာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲသို့ ဌာနအဖွဲ့အစည်းမှ ပြိုင်ပွဲဝင်လိုသူ စာပေဝါသနာရှင်များ ပါဝင်ယှဉ်ပြိုင်နိုင်ပါရန် ညှိနှိုင်းဖိတ်ကြားအပ်ပါသည်။

**ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**